စိတ်ကူးချိုချိုစာပေညာ



၂၀၁၆ ခုနှစ်၊ အမျိုးသားစာပေဆုရ

# ပီကာဆိုကို အလစ်မလေးနဲ့ ဧဒီယာ ကမ္ဘာများ

ကိုဇွေး

ဒုတိယအကြိမ်

mgyoe.com



mgyoe.com

POEM0010

1,500.00 KS

mgyoe.com

mgyoe.com

ရန်ကုန်ကိုအလစ်မပေးနဲ့ ဒေလီယာ၊ ကိုရွှေ
မျက်နှာဖုံးပန်းချီ-မှတ်သုန်၊ စာမျက်နှာ ၉၈ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၆၊ စိတ်ကူးချိုချို၏ ပထမအကြိမ်မှု၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရန်ကုန်ကို အလစ်မပေးနဲ့ ဒေလီယာ

ကဗျာများ

ကိုရွှေး

၂၀၁၆ ခုနှစ်၊ အမျိုးသားစာပေဆုရ

mgyoe.com

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

'အိပ်မက်ရိပ် ခုံတန်းလေးအား သတိရလျက်'

၁၇ နှစ်မြောက် စိတ်ကူးချိုချို အစီအစဉ်နဲ့ပေါ့လေ။
ကိုရွှေး ရန်ကုန်ကို ပစ်မထားနဲ့ ဒေလီယာပေါ့လေ။

၂၀၀၀ ခုနှစ်ကျော်က 'သမိုင်းဖတ်စာ' မှာ တက်ကြွသော အနေအေးအေး ကိုရွှေး။ ဒီလောက်အေးပုံနဲ့ ကဗျာရေးရသလား လို့ ကျွန်တော် တွေးမိတဲ့ ကိုရွှေး။ ကဗျာရေးရုံနဲ့ မပြီးဘူးလေ။ ကာကွယ်ရ တိုက်ရ ခိုက်ရ ပြေးရ ထောင်နှုတ်ခမ်းနင်းရ။ ကဗျာဆရာကွ။ ပြောမယ့်သာပြောရ ခံဘက်က ချည်းပါပဲ။ ကဗျာဆရာကွ။ သခင်မျိုးဟေ့ တို့ဗမာ။ ကဗျာဆရာကွ။ ခုတော့ ရန်ကုန်ကို အလစ်မပေးနဲ့ ဒေလီယာ ကိုရွှေးကွ။

*

မျက်တောင်တစ်ချက်ခတ်လိုက်ရင် မင်းရပ်ကွက်ကို
ခြစည်းရိုးခတ်သွားမယ် တံတိုင်းပတ်သွားမယ်
ရန်ကုန်ကို အလစ်မပေးနဲ့။
မကျိုးမကြေ အိမ်ပြန်ရောက်ဖို့ မကျိန်းသေ
ချထားတဲ့ခြေ မရွှေ့လိုက်နဲ့ ကိုင်ထားတဲ့တန်း မလွှတ်လိုက်နဲ့
နောက်တစ်ခါပြန်ရဖို့ဟာ မသေချာ။

mgyoe.com

mgyoe.com

ရန်ကုန်ဟာ တရုတ်စကား သင်နေရပြီ။
ရွှေတိဂုံဘုရားကို နဂါးပတ်မယ့်ကိန်း မြင်နေရပြီ။
အဲသလိုပေါ့လေ ရန်ကုန်ပါ။
ကိုရွှေးတို့ ဖြတ်သန်းနေရတဲ့ ရန်ကုန်ပါ။
နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးခေတ်ကစတဲ့ ရန်ကုန်ပါ
ဗားတော့ဗရက် ကဗျာများကို သတိရစေတဲ့ ရန်ကုန်ပါ။

၂၀၁၅–၂၀၁၆ မှာ နိုင်ငံရေးရည်ရွယ်ချက် အပြည့်ကဗျာစာအုပ်များ ထွက်ခဲ့ပါတယ်။ အောင်ခင်မြင့်၊ မောင်ဒေး၊ မြေမှုန်လွင်၊ တစ်ပါတည်း ပုံသဏ္ဌာန်များပါ စမ်းသပ်ခဲ့ပြီး လီလီပန်းများ ၂ ကြောင်း ၁ ပိုဒ် အတိအကျ ဖွံ့သွားပါတယ်။

အဲသလိုမှ ကိုရွှေးကတော့ ချောင်ချိုလွတ်လပ်တဲ့ဟန် အသုံးပြုပြီး ခေတ်ပြိုင်လူငယ်ကဗျာဆရာတို့ရဲ့ အပြည့်ကြီးအသိပ်ကြီးကို ဖြည်လျော့သွားတော့ ဖတ်ရတာ မြန်လို့ ရသွားပါတယ်။

ကဗျာကိုလည်း တစ်ပြိုင်တည်း ဝင်တွေးသွားနိုင်ခဲ့ပါတယ်။

ခေတ်ပြိုင်လူငယ်များ အထူးဝေဖန် စဉ်းစားပါတယ်။ ကိုရွှေးကဗျာဘက် သွားကြပါမယ်။ ပုဒ်ရေ ၁၀၀ နီးနီးပါ။ အဲဒီမှာ ရန်ကုန်မှာ ခေတ်ကြီးမှာ အလုံ အလုံအောင်ဇေယျလမ်း ကျောက်တံတား ညီမလေး တင်တင်ဝင်း ဖြူနှင်းထွေး မအေးဆေး ဂူချီ ညီလေး ဒေလီယာ စိန်နဲ့မြ မွေ့ရာကြီး လက်ပံတောင်းတောင် ဒေါ်ခင်ဝင်းသစ်ပင် ဘူငယ်လမ်း ပုံပြင် ထဲကတိုင်းပြည် ဇန်နူး ဘန်ဂ္ဂါ ကျေးဇူးရှင် မိဘပြည်သူများခင်ဗျား။ အပုဒ် ၁၀၀ မဟုတ်ပါ၊ စာမျက်နှာ ၁၀၀ နီးနီး။

*

ဒီနေ့တော့ လက်စသတ်ချင်ပါတယ်။
ကဗျာနည်းနည်း ကြဲဖြန့်ချင်ပါတယ်။
တထိတ်ထိတ်ကဗျာတဲ့
အမုန်းစားကို နှလုံးသားနဲ့ထောက်ပြီး ကွေးနေတာဆိုတော့

mgyoe.com

mgyoe.com

အမှုန်းစားကို နှလုံးသားနဲ့ထောက်ပြီး ကွေးနေတာဆိုတော့
ကိုယ့်အိမ်ထဲ သူခိုးဝင်ရင်
အိမ်ရှင်အရေးယူခံရတဲ့ခေတ်ဆိုတော့
ငါတို့ သွက်သွက်လျှောက်မှဖြစ်မယ်
ကိုယ့်အိမ်ထဲကိုယ်နေရင်း
နှစ်ခြောက်ဆယ် ကြိုအရောင်းခံလိုက်ရတဲ့
သန်းခြောက်ဆယ်လည်း ရှိခဲ့ပြီ။

အဲသလိုနဲ့ ကဗျာဖတ်သူများ ကဗျာမှာ ဝါးလုံးကွဲရယ်ရတဲ့ ကဗျာကို အားပါးတရ ဖတ်ဖူးပါလိမ့်မယ်။

တဝါးဝါးတဟားဟား၊ ပုံပြင်ထဲက ဟာသတိုင်းပြည်တဲ့။

အားရပါးရ ရယ်လိုက်ကြပါတော့။

ဒါပေမဲ့လည်းနဲ့ ပါဝင်ရေးသားပြီးတဲ့အခါ ကျွန်တော်တို့တိုင်းပြည် ပြန်လည် အညွန့်လူရေး ဒီကဗျာစာအုပ် ရန်ကုန်ကို အလစ်မပေးနဲ့။

ဖြည့်စွမ်းနိုင်စွမ်း တစ်တပ်တစ်အား ယ်။ ပုဒ်ပါရှိပါကြောင်း ကျွန်တော် ယုံကြည်ပါကြောင်း။

အိပ်မက်ရိပ်ခုံတန်းလေးအား သတိရလျက်။

**အောင်ချိမ့်**

*ဖေ့စ်ဘုတ်စတေးတပ်စ်များ

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


၁။ လက်ဆောင် ၁
၂။ ရန်ကုန်ကိုအလစ်မပေးနဲ့ ၂
၃။ ရန်ကုန်ကိုအလစ်မပေးနဲ့(၂) ၄
၄။ ရန်ကုန်ကိုအလစ်မပေးနဲ့(၃) ၆
၅။ အောင်ဇေယျလမ်းထိပ်မှာညခုနစ်နာရီခွဲမှာ ၇
၆။ အလုံထဲမှာမလုံမလဲ ဂုဏ်ယူဖွယ်ရာ ၉
၇။ ကျောက်တံတား ၁၁
၈။ မြို့သိမ်းကဗျာ ၁၃
၉။ မြို့သိမ်းကဗျာ(၂) ၁၆
(ငါတို့မြို့ကငါတို့ကို အကြာကြီးခွဲမထားပါဘူး)
၁၀။ မြစ်ကုန်ကူးခံရသူညီမလေး ၁၈
၁၁။ ညှော့သည်လိုလာပြီးဧည့်သည်လိုပြန်သွားသူတင်တင်ဝင်း ၁၉
၁၂။ သီတင်းကျွတ်သော်လည်းဖြူနှင်းထွေးကိုသတိရတယ် ၂၁
၁၃။ နွေးနွေးထွေးထွေးမအေးဆေး ၂၃
၁၄။ ဝူချီ ၂၅


mgyoe.com

mgyoe.com

၁၅။ ညီလေး ၂၇
၁၆။ ဒေလီယာ ၂၉
၁၇။ စိန်နဲ့မြမွေ့ယာကြီးပေါ်မှာတွေ့ကြတာပေါ့ ၃၁
၁၈။ မိုးသောက်ငတေး ၃၃
၁၉။ မိုးမသောက်မီတေး ၃၄
၂၀။ ၂၄ နာရီကဗျာ ၃၆
၂၁။ ညီလေးရဲ့နှစ်သစ်ကူး ၃၈
၂၂။ အိပ်မက်ရိပ်ခိုတန်းလေးမှာ ၄၀
၂၃။ သစ်ခက်သရဖူအတူတူယူကြမယ် ၄၂
၂၄။ တထိတ်ထိတ်ကဗျာ ၄၆
၂၅။ လာဘ်ခေါ်ရုပ်ကလေးတွေ ၄၈
၂၆။ ငါတို့သွက်သွက်လျှောက်မှဖြစ်မယ် ၅၁
၂၇။ သူငယ်ချင်းကဗျာဆရာသို့ ၅၃
၂၈။ မောင်နှမ ၅၆
၂၉။ ကလေးအတွေး ၅၇
၃၀။ စူပါမားကက်ကြီးကိုမီးမရှို့ပါနဲ့ ၅၉
၃၁။ ပိုပေါ့ကိုစောင့်မျှော်ခြင်း ၆၁
၃၂။ ၂၀၁၂ မြစ်ဝကျွန်းပေါ် ၆၃
၃၃။ ကိုချောမမီလိုက်တဲ့ရထား ၆၄
၃၄။ ရှိခဲ့ကြပြီ ၆၅
၃၅။ ထိုင်နေကြသူများ ၆၇
၃၆။ လက်ပံတောင်းတောင်ဖလား ၆၉
၃၇။ လက်ပံတောင်းဆုတောင်း ၇၀
၃၈။ ဒေါ်ခင်ဝင်းသစ်ပင် ၇၁
၃၉။ လူငယ်လမ်း(၂) ၇၂
၄၀။ လူငယ်လမ်း(၄) ၇၃
၄၁။ လူငယ်လမ်း(၅) ၇၅
၄၂။ လူငယ်လမ်း(၆) ၇၆

mgyoe.com

mgyoe.com


၄၃။ လူငယ်လမ်း(၇) ၇၇

၄၄။ လူငယ်လမ်း(၈) ၇၈

၄၅။ ပုံပြင်ထဲကဟာသတိုင်းပြည် ၇၉

၄၆။ ဇန်နူး ဘန်ဂွါ ၈၃

၄၇။ ဇန်နူး ဘန်ဂွါ (၂) ၈၅

၄၈။ ဒါပေမဲ့လည်း ၈၆

၄၉။ ကြေညာချက်၊ ကြော်ငြာချက်၊
ကြက်သားကာလသားချက် ၈၈

၅၀။ ဆိုတော့. . . ဆိုတော့. . . ဆိုပါတော့ ၈၉

၅၁။ ကျေးဇူးရှင်မိဘပြည်သူများခင်ဗျား ၉၀

၅၂။ ပြည်သူတွေရဲ့အသံ ၉၂

၅၃။ လုပ်ငန်းလိုအပ်ချက်အရ ၉၄

၅၄။ ပွင့်လင်းကိုမြင်သာမှာတွေလိုက်ရတယ်ဆိုလား ၉၆

၅၅။ စိတ်ကုန်ကူးခံရသူ ၉၈


❑

mgyoe.com

mgyoe.com

# လက်ဆောင်

သို့
ဗမာပြည်
မင်းအတွက်
ငှါအသက်နဲ့ ဝယ်ထားတဲ့လွတ်လပ်ရေး
လက်ဆောင်ပေးလိုက်သည်၊
အဲဒီနေ့ကစ
ငါတို့ ပြက္ခဒိန်မှာ
သူ့ နာမည်နဲ့ ပန်းတစ်ပွင့်
ရဲရဲတောက်ပွင့်နေပါတော့သည်။ ။

၈-၄-၂၀၀၃

[ အာဇာနည်နေ့များ . . . သို့ ]

mgyoe.com


mgyoe.com


## ရန်ကုန်ကိုအလစ်မပေးနဲ့

ရန်ကုန်မှာမင်း
အရိပ်ခိုခဲ့ဖူးတဲ့သစ်ပင်ကြီးမရှိတော့ဘူး
အထင်ကရဖြစ်ခဲ့တဲ့အဆောက်အဦကြီးမရှိတော့ဘူး
ငါတို့ ဆော့ကစားခဲ့တဲ့ဘောလုံးကွင်းကြီးထဲမှာ
ကွန်ဒိုမှိုပွင့်ကြီးတွေထိုးထွက်လာပြီ
လမ်းပေါ်မှာကားတွေကျပ်နေရုံမက
ဘုရားပေါ်မှာလည်းဘုရားတွေကျပ်နေတာပဲသူငယ်ချင်း
ရန်ကုန်ကိုအလစ်ပေးလို့မရတော့ဘူး
ဘယ်သူတွေပေးလို့ဘယ်သူတွေယူမှန်းမသိတဲ့နေရာတွေမှာ
တံတိုင်းအမြင့်ကြီးတွေခတ်လို့ ပွဲတော်ကြီးတွေကျင်းပလို့
လင်းတဆွဲကဲ့အသားတုံးလို ရန်ကုန်ဟာ အပိုင်းပိုင်းအတစ်တစ်ပဲ
အသားသည်ရဲ့ စဉ့်တီတုံးပေါ်မှာ ရန်ကုန်ဟာ ထခုန်နေတယ်
လူလူချင်းအမဲလိုက်တာလည်းရန်ကုန်ပဲ
လူလူချင်းအစာခွံ့တာလည်းရန်ကုန်ပဲ
ရန်ကုန်ကိုအလစ်မပေးနဲ့
မျက်တောင်တစ်ချက်ခတ်လိုက်ရင်မင်းရပ်ကွက်ကို
ခြံစည်းရိုးခတ်သွားမယ့်တံတိုင်းပတ်သွားမယ်
ရန်ကုန်ကိုအလစ်မပေးနဲ့

mgyoe.com

mgyoe.com



mgyoe.com

ရန်ကုန်ကို အလစ်မပေးနဲ့

mgyoe.com
mgyoe.com

ရန်ကုန်ဟာခဏခဏဘာသန္ဓပြတယ်
ရန်ကုန်ဟာခဏခဏ မီးပျက်တယ်
ရန်ကုန်ကိုဟက်တက်ကွဲနေတဲ့မျက်နှာနဲ့
လက်ပံတောင်းတောင်ရောက်လာတယ်
ရန်ကုန်ကိုအသက်ငင်နေတဲ့ရောဝတီရောက်လာတယ်
ရန်ကုန်ကိုအခမ္ဗအသိမ်းခံရတဲ့လယ်ယာမြေတွေရောက်လာတယ်
ရန်ကုန်ကိုမငြိမ်းချမ်းသေးတဲ့ ငြိမ်းချမ်းရေးတွေရောက်လာတယ်
လူတွေရဲ့အပူတွေဟာ ဆူးလေဘုရားဆီစီးဆင်းသွားတယ်
ရန်ကုန်ဟာ မှော်ဆရာရဲ့ပဝါလို
တစ်ချက်ခါလိုက်ရင် ချိုးဖြူငှက်တွေထပျံသွားတယ်
တစ်ချက်ခါလိုက်ရင် သွေးစိမ်းရှင်ရှင်ဖြာဆင်းသွားတယ်
ရန်ကုန်ဟာခေတ်မီတယ်ဆိုပဲ
ရန်ကုန်ဟာခေတ်ကျော်တယ်ဆိုပဲ
ရန်ကုန်ဟာခေတ်လွန်တယ်ဆိုပဲ
ကြည့်
ရန်ကုန်ဟာစကတ်အတိုကိုထပ်ဖြတ်ပြီးခွဲထားတော့
ရင်လေးပေမယ့်ငေးမိတယ်။ ။

၂၀-၀-၂၀၁၄

mgyoe.com

# ရန်ကုန်ကိုအလစ်မပေးနဲ့ (၂)

ရန်ကုန်ကိုဖြတ်ရတာ ငါတို့ဟာ
စစ်အတွင်းကခရီးသည်တွေ
မကျိုးမကြေ အိမ်ပြန်ရောက်ဖို့ မကျိန်းသေ
ချထားတဲ့ခြေမရွှေ့လိုက်နဲ့ ကိုင်ထားတဲ့တန်းမလွှတ်လိုက်နဲ့
နောက်တစ်ခါ ပြန်ရဖို့ဟာ မသေချာ
သတိထားတဲ့ကြားက ရန်ကုန်ဟာ သတိလွတ်လွတ်သွားတယ်
အများပိုင်ကွက်လပ်တွေ ပျောက်ပျောက်သွားတယ်
သချိုင်းမြေတွေပျောက်ပျောက်သွားတယ်
မီးတားမြေတွေ စိမ်းလန်းစိုပြည်ဧရိယာတွေ ပျောက်ပျောက်သွားတယ်
အမှိုက်ပုံတွေ ပန်းခြံတွေ ပျောက်ပျောက်သွားတယ်
အားကစားကွင်းတွေ ဌာနပိုင်မြေတွေ ပျောက်ပျောက်သွားတယ်
အိမ်မရှိတဲ့လူတွေ များများလာတယ်
လူမရှိတဲ့အိမ်တွေ များများလာတယ်
ကားလမ်းပေါ်ကားတွေမဆံ့တော့သလို
ဦးခေါင်းထဲ သောကတွေလျှံတက်လာ

mgyoe.com

မြို့ပြစီမံကိန်းမှာ လယ်ကွက်တွေက ရွှေထွက်သတဲ့
ရွှံ့တွေ ဗွက်တွေ လယ်ကွက်တွေကြား
ပေါက်ဖော်တွေ ရှော့ပင်းထွက်သတဲ့
နှစ်စဉ်ဝင်လာတဲ့ငွေမည်းတွေက ရွှေခဲတွေဖြစ်သွားသတဲ့
လယ်မြေမရှိတဲ့လယ်သမားတွေများများလာတယ်
လယ်သမားမရှိတဲ့လယ်မြေတွေများများလာတယ်
သတိထားတဲ့ကြားက ရန်ကုန်ဟာသတိလွတ်လွတ်သွားတယ်
ရောင်းလို့ရတာ အကုန်ရောင်းပြီး
စားလို့ရတာအကုန်စားတဲ့စီမံကိန်းမှာ
ရန်ကုန်ဟာ
မျက်လှည့်ဆရာရဲ့ဖုံပေါ်ကဖုန်တွေလိုတုန်ခါနေရှာပေါ့။

၄၉-၂၀၁၄

mgyde.com

mgyoe.com

# ရန်ကုန်ကို အလစ်မပေးနဲ့ (၃)

ဆွဲထားတဲ့ကြားကခွဲသွားမလို့လားရန်ကုန်
တင်းတင်းဆုပ်ထားတဲ့ကြားက
ရန်ကုန်ဟာ ရုန်းကန်ပြီးထွက်နေပြီ
အိမ်ရှင်ကိုဧည့်သည်ကအပိုင်ဝယ်နေပြီ
ရန်ကုန်ဟာတရုတ်စကားသင်နေရပြီ
ရွှေတိဂုံဘုရားကိုနဂါးပတ်မယ့်ကိန်းမြင်နေရပြီ
ရန်ကုန်ဟာ
သမင်ကိုမြေခွေးဝိုင်းသလိုတောင်ကဆွဲလိုက် မြောက်ကဆွဲလိုက်
တစ်စစီဆွဲဖဲ့ခံနေရပြီ
ရန်ကုန်ကို
အသားထဲကလောက်တွေဝိုင်းကိုက်နေပြီ
ရန်ကုန်ကို
အတွင်းထဲကခြတွေလှိုက်စားနေပြီ
ရန်ကုန်ဟာ
နဂါးခေါင်းဓားစက်ရှေ့မှာအငွေ့တထောင်းထောင်းထနေပြီ
ရန်ကုန်သားတွေ
လေပွေထဲကဖုန်တွေလို
လည်ရင်းလည်ရင်းလွင့်မှန်းမသိလွင့်နေပြီ
မုန်တိုင်းထဲကသစ်ရွက်လိုစုတ်ပြတ်သတ်နေပြီ
မန္တလေးရေ
ရန်ကုန်ကိုလည်း
ရန်သူတွေသေနတ်မဖောက်ဘဲသိမ်းနေပြီ။ ။

၈-၉-၂၀၁၄

mgyoe.com

mgyoe.com


# အောင်ဇေယျလမ်းထိပ်မှာ ညခုနစ်နာရီခွဲမှာ

ဒီနေ့ပြုတ်ကျတဲ့ခာတ်ကြိုးက
မနေ့ကပြုတ်ကျတဲ့ခာတ်ကြိုး
ဒီနေ့ဖြတ်လျှောက်တဲ့လူတွေက
မနေ့ကဖြတ်လျှောက်တဲ့လူတွေ
ကံဆိုးသူလင်မယား
ဖုတ်ခနဲလဲကျသွားတဲ့ယောက်ျား
ဖျတ်ခနဲလှမ်းဆွဲလိုက်တဲ့မိန်းမ
သူ့လက်ထဲပါလာတဲ့သံယောဇဉ်ကြိုးစက ဗိုအားအပြည့်
ကူမရ ကယ်မရ
အမှောင်နဲ့လောင်ကျွမ်းနေသူနှစ်ဦး
အောင်ဇေယျလမ်းထိပ်မှာ ညခုနစ်နာရီခွဲမှာ . . .
ကူးတို့ဆိပ်မှာ မှို့အိတ်ဖွင့်လိုက်သလို
ကောလာဟလက ကာယကံရှင်ကိုတောင်ဇဝေဇဝါဖြစ်သွားစေတယ်
ဆိုက်ကားသမားလေးခာတ်လိုက်လို့တဲ့
သစ်စက်ကလုံခြုံရေးဆိုလား
ဟိုဘက်ကမ်းကလက်လုပ်လက်စားတဲ့
အရက်သမားတစ်ယောက်ပါဗျာ

mgyoe.com

mgyoe.com


လမ်းထိပ်မှာလူတွေပြည့်လို့
လမ်းထဲမှာလူတွေ ယောက်ယက်ခတ်လို့
တိုက်ခန်းတိုင်းကခိုတွေခေါင်းပြူလို့
ကဲပြောကြ
ကိုယ်ထင်တာကိုယ်ပြောကြ
ဘုရားကယ်ပေလို့
ငါနင်းမယ့်ဓာတ်ကြိုးသူနင်းသွားတယ်
တော်သေးတယ် ငါ့ခုပဲအဲဒီကဖြတ်တော့မလို့
ကျွန်တော်တောင်ခုန်ကျော်ခဲ့သေးတယ်
ဓာတ်ကြိုးပြတ်ကျနေတယ်လို့ ကွမ်းယာဆိုင်က အသံလွင့်နေလျှက်နဲ့
ဘယ်ကိုဖုန်းဆက်ထားတယ်ဆိုလား
ထိုယောက်ျားကအရောင်တဖြည်းဖြည်းပြောင်းနေတယ်ဆိုလား
သူ့ပါးစပ်က အော်သံတွေအစား ခေါ်သံတွေအစား
အမြှုပ်တွေဆူညံနေတယ်ဆိုလား
သူ့မိန်းမငိုသံက
မောင်ချောနွယ်ဂီတလို မြည်နေတယ်ဆိုလား
လူအုပ်ကြီးကကောင်းကင်ပေါ်တမော့မော့
မြေပြင်ကိုသံသယနဲ့နင်းနေကြရတယ်
ဓာတ်ကြိုးကနောက်နေ့ပြတ်ကျဦးမှာလား။ ။

၃၀-၉-၂၀၀၅

mgyoe.com

# အလုံထဲမှာမလုံမလဲ ဂုဏ်ယူဖွယ်ရာ

(၁)
ကျောင်းပိတ်ရက်ဆို လိုက်မရှာနဲ့
မင်းတို့အဲဒီကွင်းထဲမှာရှိတယ်
ကွင်းပတ်လည်မှာစိုက်ထားတဲ့ မအူပင်တွေပေါ်
တက်လိုက် ဆင်းလိုက် အရိပ်ခိုလိုက် ဘောလုံးထွက်ကန်လိုက်
နေပြင့်လည်းမပြန်ဘူး မိုးသည်းလည်းမပြန်ဘူး
အသားမည်းလည်းမပြန်ဘူး နှုတ်ခမ်းတွေပြာလာလည်းမပြန်ဘူး
အမှိုက်ပုံကဘဝပြောင်းလာတဲ့ အဲဒီကွင်းထဲမှာ အဲဒီဗွက်ထဲမှာ
ဂိုးမသွင်းဖူးသူတစ်ယောက်မှမရှိဘူး
ဒဏ်ရာမရဖူးသူတစ်ယောက်မှမရှိဘူး
ဒဏ်ရာကိုဆုတံဆိပ်လိုထင်ခဲ့ကြတဲ့လူငယ်လေးတစ်စု
ဒဏ်ရာကြီးကြီးရသူဟာ မျှော်လင့်ချက်ကြီးကြီးရှိသူပဲ
ခဲစူးဖူးသူနဲ့ ပုလင်းကွဲရှဖူးသူနဲ့
ခြေခေါက်လဲဖူးသူနဲ့ လက်ကျိုးဖူးသူနဲ့
စိုးရှားရေ ဘတင့်ရေ ကရင်လေးရေ
အိုဝင်ရေ ပုသိမ်ရေ မျောက်ကြီးရေ .....
တစ်ယောက်နဲ့တစ်ယောက်အော်ဟစ် နာမည်တွေပလူပျံလို့
ပျော်ရွှင်မှုတွေအလံထူကြ

mgyoe.com

mgyoe.com

(၂)
ပြေးလမ်းပေါ်လမ်းကြိတ်စက်ကြီးပျက်နေသလို
ကွင်းထဲကိုဥက္ကာခဲကြီးပဲ့ကျလာသလို
ကမ္ဘာကျော်မယ့်မျှော်လင့်ချက်တွေ
တောက်မယ့်မီးခဲ ရှဲခနဲပဲ၊ အငွေ့တောင်မလူနိုင်ဘူး
ကမ္ဘာကျော်မယ့်ခြေထောက်တွေ
ဆိုက်ကားနင်းသူနင်း ဆယ်တန်းနှစ်ခါကျသူကျ
တစ်နယ်တစ်ကျေးလွင့်သူလွင့် ရရာအလုပ် လုပ်သူလုပ်
ဒိုလေးရေ ရွှန်းနီရေ အိုဝင်ရေ အသံတွေတိုးတိတ်
မင်းတို့ဘောလုံးကွင်းထိပ်မှာ
မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမယ်ဆိုတဲ့
ဓာတ်ဆီဆိုင်ကြီး ဟီးခနဲပေါ်လာပြီ
ယာယီဈေးကြီးပြန်သွားရင်ဘာကြီးပေါ်လာဦးမလဲရင်ဖိနေရပြီ
ဘယ်သူပေးလို့ဘယ်သူယူမှန်းမသိခြံဝင်းတွေခတ်ကုန်ပြီ
ပြည်သူ့အားကစားကွင်းဆိုင်းဘုတ်ကြီးဟာမထင်မရှားမှေးမှိန်သွားပြီ
၂၄ နာရီလောင်စာဆီတွေ ၂၄ နာရီလင်းထိန်နေပါပြီ
အဲဒါ
အလုံထဲမှာ မလုံမလဲဖြစ်နေတဲ့ ဂုဏ်ယူဖွယ်ရာဘောလုံးကွင်းကြီးပေါ့။

၁၉-၂-၂၀၁၃

mgyoe.com

mgyoe.com

# ကျောက်တံတား

ကျောက်နဲ့ဆောက်ထားတဲ့တံတားရှိခဲ့ပုံရရဲ့
နိုင်ငံရဲ့မြို့တော် မြို့တော်ရဲ့ချက်တိုင်
အချက်အချာအကျဆုံးနေရာ
ဆူးလေဘုရားရှိတယ်
ဗန္ဓုလပန်းခြံရှိတယ်
လွတ်လပ်ရေးကျောက်တိုင်ရှိတယ်
မြို့တော်ခန်းမရှိတယ်
အကြီးစားဘဏ်ကြီးတွေရှိတယ်
ဗဟိုတရားရုံးရှိတယ်
တစ်ဖက်မှာ
အထက်အညာကိုခြေဆန့်ဖို့ ဘူတာရုံ
တစ်ဖက်မှာ
မြစ်ဝကျွန်းပေါ်ကိုဆက်သွယ်ဖို့လှိုင်မြစ်ဝှမ်း
တစ်ဖက်မှာ
ဗိုလ်အောင်ကျော်ရဲ့ဦးခေါင်းရာ
စစ်ပုလိပ်တို့ရဲ့မြင်းခွာသံတွေလောင်ကျွမ်းရာ ဗိုလ်အောင်ကျော်လမ်း
တစ်ဖက်မှာ
ပြည်သူတွေ ကျောင်းသားတွေရဲ့ကမ္ဘာမကျေခြေရာတွေ
သံဃာတော်တွေရဲ့မေတ္တာသံတွေလွှမ်းမိုးရာ ဆူးလေလမ်း

mgyoe.com

mgyoe.com
အဲဒီမှာ ရာဇဝင်တွင်တဲ့ခြေရာတွေရှိတယ်
သမိုင်းခေတ်တွေကိုပြောင်းသွားစေတဲ့ဖိနပ်အပြတ်တွေရှိတယ်
အညတရစိန်ပန်းတွေကြွေခဲ့တယ် မဟာအောင်ပွဲတွေဝေခဲ့တယ်
ဂုဏ်ယူဖွယ်ရာကျောက်တံတား။
အတိတ်နဲ့အနာဂတ်ကို ရာဇဝင်တွေနဲ့ထိုးဆက်ထားတဲ့ကျောက်တံတား
ရုပ်ရှင်ရုံတွေရှိတယ်
လွတ်ကျသွားတဲ့ကင်မရာရှိတယ်
ဖွင့်မကြည့်လည်းဖွင့်ကြည့်တဲ့အတိုင်းမြင်နေရတုန်းပဲ
ပန်းဆိုးတန်းဇာတ်လမ်းတွေရှိတယ်
ခေတ်တိုင်းစံပယ်ကတော့ကြွေတာပဲ
ဆူးလေလမ်းရာဇဝင်တွေရှိတယ်
ပုံပြင်လိုလို ဒဏ္ဍာရီလိုလို
လူခြေတိတ်ချိန်ဆို အသံတွေကြားနေရတုန်းပဲ
ခရစ်ယာန်ဝတ်ပြုကျောင်းရှိတယ်
ဟိန္ဒူဘုရားကျောင်းရှိတယ်
အစ္စလာမ်ဘာသာဝင်တို့ဝတ်ပြုရာ ဗလီတွေရှိတယ်
ကိုယ့်အမျိုးဘာသာ သာသနာကိုစောင့်ရှောက်လမ်းညွှန်ပေးမယ့်
ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း
တစ်ကျောင်းမှမရှိတဲ့ကျောက်တံတား
ကျောက်သားတွေမှော်ဝင်နေတဲ့
ကျောက်တံတားပေါ်ကသမိုင်းစာသား
တစ်ခုခုလိုမနေဘူးလား။

၈-၂-၂၀၁၂

mgyoe.com

mgyoe.com

# မြို့သိမ်းကဗျာ

မြို့ချစ်သကောင့်သားတို့
မြို့ချစ်ညီရင်းအစ်ကိုတို့
ကိုယ့်မြို့ကို ကိုယ်ပြန်သိမ်းကြ

မင်းတို့မြို့ဟာယဉ်ကျေးမှုရဲ့အသည်းနှလုံး
မင်းတို့မြို့ဟာစီးပွားရေးအရကျုံးပေါ်
လယ်ယာမြေကောင်းထဲ ရေငန်တွေဝင်လာသလို
မင်းတို့မြို့ထဲလူငန်တွေဝင်လာနေပြီ
အောင်မြင်တဲ့ဂျုံခင်းထဲ ကျိုင်းအုပ်တွေကျလာသလို
မင်းတို့မြို့ထဲလူကျိုင်းတွေကျလာနေပြီ

ရန်သူဟာ
ကျည်တစ်တောင့်မဖောက်ဘဲ
မြို့ကိုသိမ်းနေပြီ
ပေါင်မုန့်အနားသားလို
မြို့ချစ်သကောင့်သားတို့
အစွန်အဖျားကိုဆုတ်ခွာနေရပြီ

mgyoe.com

mgyoe.com


မြို့ချစ်သူရဲကောင်းတို့
မင်းတို့ကလောင်အစွမ်းဟာ
အမှောင်ခြမ်းမှာအိပ်မပျော်စေနဲ့
ဦးနှောက်ကိုမီးထွန်းကြ
ဦးနှောက်ကိုမုန်တိုင်းဆင်ကြ
မင်းတို့မြို့ဟာလှန်ထားတဲ့စာအုပ်
မင်းတို့မြို့ဟာဖွင့်ထားတဲ့ဘောလ်ပင်
ကိုယ့်သမိုင်းကို ကိုယ်ရေးကြ
ကိုယ့်ခေတ်မှာ ကိုယ်မညံ့စေနဲ့
အနာဂတ်သမိုင်းဖတ်စာမှာ
မြို့ကုန်ကူးသူထဲမင်းမပါစေနဲ့
အနာဂတ်သမိုင်းဖတ်စာမှာ
မြို့ရောင်းစားသူထဲမင်းမပါစေနဲ့
မင်းတို့မြို့မှာလင်းလက်တဲ့သာသနာရှိတယ်
မင်းတို့မြို့မှာကိုယ်ပိုင်မြစ်ရှိတယ်
မင်းတို့မြို့မှာကိုယ်ပိုင်ကျုံးရှိတယ်
မင်းတို့မြို့မှာကိုယ်ပိုင်တောင်တန်းတွေရှိတယ်
မင်းတို့မြို့မှာကိုယ်ပိုင်ယဉ်ကျေးမှုတွေရှိတယ်
မင်းတို့မြို့မှာဦးပိန်တံတားရှိတယ်
မင်းတို့မြို့မှာကမ္ဘာသိရာဇဝင်တွေရှိတယ်

mgyoe.com

မင်းတို့မြို့မှာမင်းတို့ရှိနေကြတယ်
ကိုယ့်မြို့ကိုကိုယ်ပြန်သိမ်းကြ
ရောင်းရင်းတို့. . .
သူငယ်ချင်းတို့
ညီရင်းအစ်ကိုတို့
မြို့ချစ်သူရဲကောင်းကြီးတို့. . .

သတိတရားလက်ကိုင်ထားကြ
ကိုယ့်မြို့ကိုကိုယ်ပြန်သိမ်းကြ
ကိုယ့်မြို့ကိုကိုယ်ပြန်သိမ်းကြ
ကိုယ့်မြို့ကိုကိုယ်မြန်မြန်ပြန်သိမ်းကြ။

၂၈-၉-၂၀၁၁

mgyoe.com

mgyee.com

## မြို့သိမ်းကဗျာ ၂
## (ငါတို့မြို့က ငါတို့ကို အကြာကြီးခွဲမထားပါဘူး)

ကိုက်မယ့်ကျားဟာ နောက်ကိုခြေတစ်လှမ်းဆုတ်တယ်
ငါတို့မှာ နောက်ဆုတ်စရာမြေမရှိတော့ဘူး
စိတ်ဓာတ်မကျနဲ့ သူငယ်ချင်း
ရေမြုပ်နေတဲ့ ရပ်ကွက်ထဲမှာ ဦးနှောက်ကို မီးညှိထားပါ
တစ်နေ့ ငါတို့ပြန်သိမ်းရမယ်
မျိုးချစ်စိတ်၊ မြို့ချစ်စိတ် ဒါတွေနဲ့ ပြန်သိမ်းရမယ်
မြန်မာပြည်လွတ်လပ်ရေးရဖို့ ဗိုလ်ချုပ်ဟာ လူသုံးဆယ်နဲ့စခဲ့တယ်
ကျွန်ဘားလွတ်မြောက်ဖို့ ချေဂွေဗားရားဟာ လူဆယ့်နှစ်ယောက်နဲ့
စခဲ့တယ်
ငါတို့မြို့ လွတ်မြောက်ဖို့ လူဘယ်လောက်လိုမလဲ
အမျိုးကို ငါကယ်ချစ်ရင် မြို့ကိုတကယ်ချစ်ရင် အဲဒီမြို့က ငါတို့ကို
ဖယ်မထုတ်နိုင်ပါဘူး
မြို့သားတွေဟာ မြို့ရဲ့တံတိုင်းပဲ
မြို့သားတွေဟာ မြို့ရဲ့ကျုံးပဲ
မြို့သားတွေဟာ မြို့ရဲ့အားပဲ
အရက်ဟာ မြို့ကို သိမ်းဖို့လာတာဆိုရင်
ဆည်းဆာဟာလည်း ကိုယ့်မြို့ ကိုယ်ပြန်သိမ်းဖို့ စိတ်နဲ့ပဲ ပြန်ဝင်သွားရမယ်

mgyee.com

mgyoe.com

စိတ်ဓာတ်မကျနဲ့ သူငယ်ချင်း
"ငါတို့မြို့ကို ငါတို့ပြန်သိမ်းရမယ်ဆိုတဲ့ ပျိုးပင်လေးတွေ
လူပိုင်းရင်ထဲလိုက်ကြဲလိုက်ပါ"
တစ်နေ့သီးလာမှာပါ၊ ပွင့်လာမှာပါ၊ ဝေဆာလာမှာပါ
မြို့ချစ်သူတွေကို မြို့ကပစ်မထားပါဘူး ယုံကြည်ပါ သူငယ်ချင်း
အသားထဲကလောက်တွေအတွက်လည်း စိတ်ဓာတ်မကျနဲ့
ပုပ်သိုးနေတဲ့ အသားတွေ ရှင်းထုတ်လိုက်ရင်
အသားထဲက လောက်တွေလည်း ဆွေးမြည့်သွားမှာပါ
ငါတို့ရှုသွင်းလိုက်တဲ့လေဟာ ကိုယ့်မြို့ကို ကိုယ်ပြန်သိမ်းဖို့ပဲ
ငါတို့ရှိုက်ထုတ်လိုက်တဲ့ လေဟာ ကိုယ့်မြို့ရဲ့ အနာဂတ်ကို ကိုယ်ဖန်တီးဖို့ပဲ
မြို့သိမ်းတဲ့လမ်းမှာ စိတ်ရှည်ပါ၊ သည်းခံပါ၊ စည်းလုံးပါ၊ ကိုယ်ချင်း စာပါ
ဉာဏ်ပညာကြီးကြပါ။
ငါတို့မြို့က ငါတို့ကို အကြာကြီး ခွဲမထားပါဘူး။ ။



mgyoe.com

mgyoe.com

## မြစ်ကုန်ကူးခံရသူညီမလေး

ယန်စီ
မင်းပခုံးကိုနင်းပြီး
မင်းရန်သူကိုခေါင်းဖြတ်ဖို့
ငါတို့နောက်ကျသွားခဲ့တယ်

ဧရာဝတီ
မြစ်ဆုံမှာ မြစ်ကုန်ကူးခံရသူညီမလေး
မင်းရှေ့မှာ ငါတို့ရပ်
ငါတို့ရင်ဘတ်တွေနဲ့ ကာကွယ်ထားပါ့မယ်
မြစ်ကုန်ကူးမှုကာကွယ်ရေး တို့အရေး. . . တို့အရေး
မြစ်ကုန်ကူးမှုကာကွယ်ရေး တို့အရေး. . . တို့အရေး
မြစ်ကုန်ကူးမှုကာကွယ်ရေး တို့အရေး. . . တို့အရေး

၂၇-၉-၂၀၁၁

mgyoe.com

mgyoe.com

# ညှော်သည်လိုလာပြီး ညှော်သည်လို ပြန်သွားသူ တင်တင်ဝင်း

သစ်ပင်လိုအမြစ်မစွဲနိုင်သူတင်တင်ဝင်း
ငှက်တွေလိုပျံသန်းရင်းတစ်ရွာတစ်ကျီဆောက်တယ်
လောကဓံကကိုယ့်ကိုစိန်မခေါ်ရင်
ကိုယ်ကလောကဓံကိုသွားသွားစိန်ခေါ်နေတတ်သူ
လျှော့လျှော့ရင်းတက်ကျိုးခဲ့တာတောင်
တက်ကျိုးတိုင်းလက်ထိုးလှော်တတ်သူ
သမီးနှစ်ယောက်သားတစ်ယောက်နဲ့လေးဆယ့်တစ်နှစ်သမီးတင်တင်ဝင်း
ဧည့်သည်လိုလာပြီးဧည့်သည်လိုပြန်သွားတယ်
တင်တင်ဝင်းငါတို့ဟာသူစိမ်းတစ်ရံဆံပွေဆိုပေမယ့်
ခြံစည်းရိုးပေါ်ကျော်တက်လာတဲ့ခဝဲပင်လေးဟာနင်တို့မိသားစုသံယော
ဇဉ်ဆိုရင်
အရွက်စိမ်းစိမ်းတွေကြားကအပွင့်ဝါဝါလေးတွေဟာငါတို့မိသားစုရဲ့
မေတ္တာတရားပေါ့
ကျေးဇူးပဲတင်တင်ဝင်း
ငါ့အဖေနေမကောင်းတော့နင်တို့မိသားစုကအနားမှာဝိုင်းလို့

mgyoe.com

mgyoe.com

နင်တို့မိသားစုကိုမီးတွေကဝိုင်းလို့
ငါ့အဖေသေတော့နင်တို့မိသားစုမှာမျက်ရည်မိုးရွာတယ်
အခု နင့်မီးခိုးတွေကိုကြည့်ရင်းငါ့မျက်ဝန်းတွေစိုစွတ်ခဲ့ပြီတင်တင်ဝင်း
သမုဒယဟာအလစ်ဝင်လောင်သွားတာပဲ
ငါက ငါ့ကိုယ်ငါ ငါလို့ထင်ခဲ့
နင့်ကိုလည်းနင်လို့ပဲထင်ခဲ့တယ်
ဒါပေမဲ့လေးဆယ့်တစ်နှစ်သမီးတင်တင်ဝင်းဟာ တင်တင်ဝင်းမဟုတ်ကြောင်း
ရက်ချိန်းစေ့တော့သူငှားလာတဲ့ခန္ဓာသူပြန်အပ်လိုက်ရတယ်
နင်ကနင့်ခန္ဓာကိုသက်တမ်းတစ်ဝက်နဲ့အကုန်သုံးသွားတာပဲ
နင့်မျက်လုံးတွေချိုင့်ဝင်လို့ နင့်ပါးရိုးတွေငေါ်ထွက်လို့
နင့်နှုတ်ခမ်းတွေခြောက်သွေ့လို့ နင့်လည်ပင်းဟာခွေခေါက်လို့
အရိုးနဲ့အရေပဲပြန်အပ်လိုက်တာ နင့်ခန္ဓာကိုနင်တန်အောင်သုံးသွားတာလား
မွန်ရိုးဆိုသူ့ခန္ဓာကိုအနုပျိုဆုံးအချိန်မှာပြန်အပ်လိုက်တယ်
ဗိုင်ယာနာဆိုသူ့ခန္ဓာကို အလှဆုံးအချိန်မှာ ပြန်အပ်လိုက်တယ်
ဆီဗီယာပလပ်ဆိုသူ့ခန္ဓာကိုအကောင်းဆုံးအချိန်မှာပြန်အပ်လိုက်တယ်
ငါတို့လည်းအချိန်တန်ရင်ငါတို့ငှားလာတဲ့ခန္ဓာငါတို့ပြန်အပ်ကြရမှာပဲလေ
ဘာပဲဖြစ်ဖြစ်ဧည့်သည်လိုလာခဲ့တဲ့တင်တင်ဝင်းဟာ
ဧည့်သည်လိုပြန်သွားခဲ့တာပဲ
နင်ပြန်သွားပေမယ့်နင်ပေးခဲ့တဲ့အသိကတန်ဖိုးကြီးပါတယ်တင်တင်ဝင်း။

(၄-၁-၂၀၁၁ ကကွယ်လွန်သွားသောအိမ်နီးချင်းတင်တင်ဝင်းသို့)

mgyoe.com

# သီတင်းကျွတ်သော်လည်း ဖြူနှင်းထွေးကို သတိရတယ်

မင်းလှမ်းပေးတုန်းက ခတ်ကြိုးမှန်းငါမသိခဲ့ဘူးသူငယ်ချင်း
မင်းခလုတ်ဖွင့်လိုက်မှငယ်စိတ်က ငယ်ထိပ်မှာမီးထပွင့်တယ်
ရောင်စုံမီးတွေတလက်လက်
ပျောက်အိုးသံတစ်ချက်နှစ်ချက်
ငါ့သားတွေ
ငါ့ရှေ့မှာလက်အုပ်ချီ
ငါလည်းမရှိတော့တဲ့ ငါ့အမေရှေ့မှာလက်အုပ်ချီ
ငါ့အတိတ်တွေ ငါ့စိတ်မှာ အရိပ်ထင်လာတယ်
မင်းလည်းဒီလိုညမျိုးမှာ
မင်းမိဘတွေကိုလက်အုပ်ချီချင်မှာပဲ
အဲဒီလိုညမျိုးမှာတောင်မင်းက
ပွဲတော်အမီရောက်မလာနိုင်တဲ့
အညာကကတ်ကြေးသည်တွေကိုသတိရနေတယ်
မြစ်ဝကျွန်းပေါ်က ငါးခြောက်သည်တွေကိုသတိရနေတယ်
ရောင်စုံဒုက္ခတွေတလက်လက်ထနေတဲ့မြေမဲ့ယာမဲ့တွေကိုသတိရနေတယ်
ကွယ်လွန်သူမင်းမေမေကိုသတိတရဖုန်းဆက်နေတယ်

mgyoe.com

mgyoe.com

ငါကလပြည့်ညမှာ  လကြွတ်တဲ့အခိပ္ပာယ်ကိုရှာဖွေရင်း
ဖြူနှင်းထွေးကိုသတိရနေတယ်
ကဗျာတစ်ပုဒ်ရေးပြီးတိုင်း
ဟန်းဖုန်းကိုခြောက်လုံးပြူးလိုကိုင်ပြီး
ကမ္ဘာကိုလှမ်းလှမ်းချိန်နေတတ်တဲ့သူငယ်ချင်းကိုမျှော်နေမိတယ်
အိပ်မက်ရိပ်ခုံတန်းလေးရှေ့မှာ
မလေးစကားပန်းလေးဖူးနေပြီ
ယုဇနပန်းလေးတွေလည်းပွင့်နေပြီ
နှင်းဦးကြွေစဗာဒံပင်ကိုစက္ကူပန်းပင်လေးနွယ်တက်လာပြီသူငယ်ချင်း
ခေတ်ဟောင်းမင်းသားဇော်ခင်ကြီးလို
ကော်လံကိုထောင်လို့  ရင်ဘတ်ကြယ်သီးဖြုတ်လို့
စီးကရက်ကိုဟန်ပါပါခဲလို့  မျက်နှာကိုလေးဆယ့်ငါးဒီဂရီစောင်းလို့
ညဥ့်လယ်ယံခာတ်တိုင်ကိုခြေတစ်ဖက်ထောက်ပြီးကျောမှီရပ်နေတဲ့
ထီမထင်ဒီဇိုင်းနဲ့တို့နိုင်ငံတော်ကြီးကိုပြန်ဝေးရအောင်လို့။

၈-၁၀-၂၀၁၄

(မိုးဝေးရဲ့ဝါလကင်းလွတ်သီတင်းကျွတ် ကဗျာကိုဖတ်ပြီး ဒီကဗျာကိုရေးဖွဲ့ဖြစ်ပါတယ်)

mgyoe.com

mgyoe.com


## နွေးနွေးထွေးထွေး မအေးဆေး

ရိုးသားတယ်
ရိုးသားတော့ပွင့်လင်းတယ်
ပွင့်လင်းတော့နွေးထွေးတယ်
နွေးထွေးတော့အေးဆေးပေါ့
နွေးနွေးထွေးထွေးမအေးဆေး
မအေးဆေး ဘာလို့ပြေးနေတာလဲမအေးဆေး
တောင်တန်းနောက်ခံနဲ့မီးခိုးငွေ့တန်းထဲ
ကြွေးဆုံးနဲ့ထိုးကျွေးခံလိုက်ရတဲ့သယံဇာတတွေထဲ
ဖြိုချခံလိုက်ရတဲ့ကျောက်တောင်ကြီးထဲ
အပြောင်ရှင်းခံလိုက်ရတဲ့သစ်တောကြီးထဲ
နက်ဝင်သွားတဲ့ကျောက်စိမ်းတွင်းထဲ
နောက်ကျိသွားတဲ့မြစ်ရေထဲ
အယူအဆစစ်ပွဲထဲ မွေးမြူထားတဲ့ပြည်တွင်းစစ်ထဲ
မေးခွန်းကိုမဖြေဘဲပြေးနေတယ်
ကောက်ပင်တွေရင့်မှည့်တဲ့အထိမစောင့်တော့ဘူးလား
စပါးတွေမရိတ်သိမ်းတော့ဘူးလား
မင်းမောင်လေးကျောင်းအပြန်မစောင့်တော့ဘူးလား

mgyoe.com

mgyoe.com

မင်းအမေယာခင်းထဲလိုက်မသွားတော့ဘူးလား
မင်းအဖေ အမဲလိုက်က အပြန်မစောင့်တော့ဘူးလား
မေးခွန်းတွေကိုမဖြေဘဲပြေးနေတယ်
သူ့ဆံပင်တွေချုံနဲ့ငြိလည်းဂရုမစိုက်ဘဲပြေးနေတယ်
သူ့ခြေဖဝါးတွေဆူးနင်းမိလည်းဂရုမစိုက်ဘဲပြေးနေတယ်
သူ့လက်ထဲသူ့မောင်လေးမပါတော့လည်းပြေးနေတယ်
လမ်းမရှိတဲ့လမ်းပေါ်ပြေးနေတယ်
ငြိမ်းချမ်းရေးဆီပြေးနေတယ်
ခြေဦးတည့်ရာပြေးနေတယ်
ဘယ်ဆီမှန်းမသိဘဲပြေးနေတယ်
ပြေးနေတဲ့အထဲပြေးနေတယ်
ပြေးပြေး မအေးဆေး ပြေးပြေး
မင်းနောက်မှာဒုက္ခသည်တွေလိုက်လာနေပြီ
မင်းနောက်မှာဒုက္ခတွေသယ်ပြီးလိုက်လာနေပြီ
ဒုက္ခတွေအတုံးလိုက်အတစ်လိုက်သယ်ပြီးလိုက်လာနေပြီ
ဒုက္ခတွေအရှင်လတ်လတ်လိုက်လာနေပြီ
ပြေးပြေးမအေးဆေးမင်းနောက်မှာ
တွင်းဆုံးအထိပို့မယ့်ဒုက္ခတွေသယ်ပြီးလိုက်လာနေပြီ
ပြေးပြေးမအေးဆေးပြေးပြေး
မင်းကိုမသိပေမယ့် မင်းကိုမရည်ရွယ်ပေမယ့်မင်းနောက်မှာ
ဒုက္ခတွေသယ်ပြီးကျည်ဆန်တွေလိုက်လာနေပြီ
ပြေးပြေးမအေးဆေး ပြေးပြေး မင်းနောက်မှာ
ပြည်တွင်းစစ်ရပ်စဲရေးတံဆိပ်နဲ့ကျည်ဆန်တွေလိုက်လာနေပြီ
ပြေးပြေး မအေးဆေး ပြေးပြေး။

၂၄-၂-၂၀၁၂
၁-၃-၂၀၁၂

mgyoe.com

mgyoe.com


# ဝူချီ

(၁)
မိန်းမချောလေးဝူချီ
ပန်းပဲဆရာလေးနဲ့ချစ်ကြိုးသွယ်တယ်
သူ့အမေက
ကျောက်မီးသွေးလုပ်သားနဲ့အိမ်ထောင်ချပေးလိုက်တယ်

(၂)
ကျောက်မီးသွေးလုပ်သားဟာဆိုးသွမ်းသတဲ့
ခုတော့ ကျောက်မီးသွေးလှည်းပိလို့သေသွားရှာပြီ

(၃)
အသုဘချတဲ့နေ့မှာ
ဝူချီဟာ ပန်းပဲဆရာလေးနဲ့ပြန်တွေ့တယ်

(၄)
ဒါပေမဲ့
ပန်းပဲဆရာလေးမှာ
မိသားစုအသိုက်အမြုံရှိနေပြီတဲ့

mgyoe.com

mgyoe.com

(၅)
ခုတော့. . . ဝူချီ
ယောကျ်ားတွေနဲ့ဝေးလေကောင်းလေဆိုတဲ့ဝူချီ
တစ်ဘဝလုံးခေါင်းဆောင်ကြီးအတွက်
ငါ့အသက်က ငါ့ပါတီအတွက် ခံယူချက်နဲ့
ဝေးလှခေါင်လှတဲ့ ပြန်လမ်းမရှိတဲ့ ထိပ်တန်းစပိုင်ကျောင်းမှာ
ထမင်းချက်မလေးဖြစ်နေပေါ့

(၆)
တောင်နဲ့မြောက်ပေါင်းစည်းရေးမျှော်လင့်ချက်မှာ
သူ့တစ်ဘဝလုံး
နူးအိဆွေးမြည့်ချေပေါ့။

၂၆-၁၂-၀၄

(မြောက်ကိုရီးယားမှဝူချီသို့)

mgyoe.com

mgyoe.com


# ညီလေး

ညီလေး
ငါတို့ကောင်းကင်မှာ လင်းလက်ခဲ့တဲ့ ကြယ်တစ်စင်းဟာ
မင်းနာမည်ပဲ

အနုပညာနဲ့ပတ်သက်ရင် နည်းနည်းမှ နောက်မဆုတ်နဲ့
နှလုံးသားရေးရာနဲ့ပတ်သက်ရင် နောက်ထပ် အပင်မစိုက်နဲ့
မင်းပင်စည်မှာ ထိုးထွက်လာတဲ့ အကိုင်းတွေဟာ သံချောင်းသံခက်တွေ
မဟုတ်ဘူး
မင်းအကိုင်းမှာ ဝေဆာနေတဲ့ အသီးအပွင့်တွေဟာ ပလတ်စတစ်တွေ
မဟုတ်ဘူး
နူးညံ့တဲ့၊ မွှေးပျံ့တဲ့
ကြီးထွားတဲ့၊ နွမ်းလျတဲ့ အသွေးအသားတွေပဲ
ပန်းပွင့်လေးတွေရဲ့အော်သံကို ကြားလား
အသားနာတာ ခံနိုင်တယ်
အသည်းနာတာ မခံနိုင်ဘူးတဲ့

mgyoe.com